

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နောက်တစ်ရက်

# ဖေဖော်ဝါရီ ၁၄

စာချစ်သူများနေ့

# စာချစ်သူများနေ့
# အတွက်
# အမှာစာ

ကျွန်မက ဆောင်းပါးထက် ဝတ္ထုကို ပိုအားသန်ပါသည်။ မေဦး (ဆရာမကြီး ဒေါ်ခင်ဆွေဦး) မွေးနေ့ကို အကြောင်းပြုပြီး ဆရာဇော်ခိုင်ဦးနှင့် ကျွန်မ စကားစပ်မိရာကနေ လူငယ်များကို ညွှန်းဖွဲ့သော ဤ 'စာချစ်သူများနေ့' စာအုပ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ကျွန်မတို့ လူငယ်ဘဝမှာ စာဖတ်ခြင်းကသာ အနားယူခြင်းဖြစ်ပြီး အခုလို နည်းပညာတွေလည်း မဖွံ့ဖြိုးသေးပေ။ ဟမ်းဖုန်းလည်း လူတိုင်းကိုင်နိုင်သည့်ခေတ်မဟုတ်၍ အသိပညာကို စာဖတ်ခြင်းနှင့် ရှာရသည်။ ခေတ်လည်းကွာ စနစ်လည်းကွာသောအခါ ရသစာပေသည် လူငယ်နှင့် ဝေးသွားသလို ဖြစ်လာ၏ ။ ဒါပေမယ့် သည်နှစ်ပိုင်းမှာ ရသစာပေကို လူငယ်ကြား ထိုးဖောက်ဖို့ ကျွန်မတို့စာပေသမားတွေ အစွမ်းကုန် ကြိုးစားလာကြ၏ ။ ယခုလည်း ကျွန်မတို့စေတနာက လူငယ်တွေအကြောင်းကို လူငယ်တွေ သိစေချင်သည်။ သူတို့၏ ဖြတ်သန်းမှုမှာ စာပေသည် အဓိကကျကြောင်း သိစေလို၏ ။ မသိတဲ့အတွက် ဘာဖြစ်မှာလဲဟု မေးစရာရှိသည်။

စာမဖတ်တော့ သူ့သမိုင်း ကိုယ်မသိ၊ ကိုယ့်သမိုင်း သူမသိ သနားပါဘိ ဖြစ်ရတော့မပေါ့။ ဖတ်တဲ့သူက မာတင်လူသာကင်းကို သိသည်။ ဦးသန့်ကို သိသည်။ တော်လ်စတွိုင်းကို သိသည်။ မာဂရက်မစ်ချယ်ကို သိသည်။ ဗိုလ်ချုပ်အောင်ဆန်းကို သိသည်။ ရဲဘော်သုံးကျိပ်ကို သိသည်။ စာမဖတ်သည့်သူတွေက ပြည်ထောင်စုနေ့မသိ၊ အမျိုးသားနေ့မသိ၊ ဗိုလ်ချုပ်မွေးနေ့မသိ၊ အာဇာနည်နေ့ကို ဝမ်းနည်းရမှန်းမသိ။

မနှစ်က ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ 'စာချစ်သူများနေ့' ခေါင်းစဉ်နှင့် မန္တလေးမှာ စာချစ်သူ ကိုတင်ကိုကိုနှင့် အွန်လိုင်းသူငယ်ချင်းများတစ်စုက ဆရာဦးကိုလေး (အင်းဝဂုဏ်ရည်)၊ ဆရာ တက္ကသိုလ်ဘုန်းကြွယ်နှင့်

ဆရာဇော်ခိုင်ဦးတို့ကို ဖိတ်ကြားပြီး ဟောပြောပွဲကျင်းပခဲ့ကြပေမယ့်
တစ်နိုင်တစ်ပိုင်မို့ မကျယ်ပြန့်ခဲ့ပါဟု ပြောရင်းနှင့်ပင် ကိုဇော်ခိုင်ဦးက ကျွန်တော်တို့
ဒီနှစ် စာအုပ်ထုတ်ကြမည်ဟု ပြောဖြစ်သွားရာကနေ ကျွန်မက ရန်ကုန်ဘက်က၊
သူက မန္တလေးဘက်က စာရေးဆရာ၊ ဆရာမများ ပေါင်းစု၍
ပိတောက်ရန့်စာအုပ်တိုက်မှ စာအုပ်ထုတ်ဖို့ စိတ်ကူး
ကောင်းကောင်းလေးရသွားကြ၏။

လူငယ်တွေချစ်သော ဖေဖော်ဝါရီ (၁၄) ကို ကျွန်မတို့လည်း
ဝိုင်းချစ်ကြရပေမည်။ ထို့အတွက် အချိန်ပိုင်းအတွင်း အချိန်မီရေးသားပေးကြသော
လေးစားရသည့် ဆရာ၊ ဆရာမများနှင့် ကျွန်မတို့၏ စီစဉ်မှုအပေါ်
ဝမ်းမြောက်ဝမ်းသာရှိသော ဆရာသမားတို့ကို 'စာချစ်သူများနေ့' (ဖေဖော်ဝါရီ ၁၄)
ဖြင့် မှတ်တမ်းပြုလိုက်ပါသည်။ ကျွန်မဆန္ဒကို ဖြည့်စွမ်းပေးသော ကိုဇော်ခိုင်ဦးနှင့်
ပိတောက်ရန့်စာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ပါသည်။ ဗိုလ်ချုပ်မွေးပြီး
နောက်တစ်နေ့ကို 'စာချစ်သူများနေ့' အဖြစ် တစ်နေ့နေ့ တစ်ချိန်ချိန်
အမှတ်အသားရှိလာမည် ဆိုလျှင် ကြိုးစားရကျိုး နပ်ပါသည်ဟု ဆိုချင်ပါ၏။
လူငယ်များစွာ စာချစ်သူများ ဖြစ်ပါလိမ့်မည်လို့ ယုံကြည်ရင်း . . .

နှင်းဝေငြိမ်း

# နဝရတ်ကျောက်ပွင့်ကောင်းများကို
# အမှန်တကယ် အလိုရှိပါလျှင်
# သင်းရီ

ကျွန်တော်တို့သည် လူငယ်တွေအကြောင်း ကြိမ်ဖန်များစွာ ပြောခဲ့ကြလျက် ပြောနေကြ ဆဲလည်း ရှိကြသည်။ ခေတ်အဆက်ဆက်မှာ လူငယ်တွေအကြောင်း ပြောခဲ့ကြသည်များက ပြောကြရုံမျှဖြင့်သာ လူငယ်တွေ တိုးတက်ခဲ့ကြစတမ်းဆိုလျှင် ကျွန်တော်တို့နိုင်ငံသည် ယခုနှယ် ဒုက္ခတွင်းထဲမှာ မုန့်လုံးစက္ကူကပ် ဖြစ်နေစရာအကြောင်းမရှိဟု ထင်သည်။ စင်စစ်တွင် လူငယ် စာမျက်နှာဇယားကို နောက်ကြောင်းပြန်လှန်ကြည့်သည့်အခါ ယနေ့ အသက်အရွယ် ၆၀ တန်း တွေပေမို့ အဘိုးအိုပေါက်စ စာရင်းဝင်နေကြပြီဆိုသည့် မိမိတို့သည်ပင် မြန်မာနိုင်ငံ ယိုယွင်းချိန်မှာ လူငယ်ဘဝကို ဖြတ်သန်းခဲ့ကြရသူတွေဖြစ်၏ ။ ထို့ကြောင့်လည်း အတတ်ပညာ၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ စာရိတ္တ အစစမှာ အားလုံးကို သိမ်းရုံးပြီး မပြောလိုသော်မင့် လူတော်တွေက နည်းလှ သည်။ စာမေးပွဲအမှတ်ပေးပုံမျိုးနှင့် ဥပမာချိန်ထိုး၍ ပြောရလျှင် အောင်မှတ်ရရုံ လှုပ်ကာလှဲကာ မျိုးတွေသာ အများစုဖြစ်လျက် စာမေးပွဲကျသည့် ခပ်ညံ့ညံ့ဦးရေကလည်း နည်းလှသည်တော့ မဟုတ်။

ခေတ်ကို နောက်တစ်ဆင့်ပြန်ဆုတ်ပြီး ကျွန်တော်တို့မတိုင်ခင် မျိုးဆက်တစ်ဆက် ခုနစ်ဆယ်ကျော် ရှစ်ဆယ်အရွယ်တန်းကို ကြည့်သည့်အခါတွင်မူ ကျွန်တော်တို့မျိုးဆက်ထက် တော့ဖြင့် အစစအရာရာ နယ်ပယ်စုံမှာ လူတော်တွေ များနေသေးကြောင်း သိသာထင်ရှားစွာ မြင်သာလှမည် ဖြစ်ပြန်လေ၏ ။

သူ့နောက် တစ်ခေတ်ပြန်ဆုတ်လျှင်တော့ သည်နှစ်မှာ သက်တမ်း နှစ်တစ်ရာပြည့်ပြီ ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်။ အဲ့သည်ခေတ်ကတော့ နယ်ပယ်စုံမှာ တစ်ပြိုင်တည်းလို ပေါ်ထွန်းခဲ့ကြသည့် လူတော်တွေ နည်းနည်းမဟုတ်ခဲ့။ အတတ်ပညာ၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ စာရိတ္တ

မှတ်ကျောက်တင်ခံနိုင်သော ဒေါင်ဒေါင်မြည် တစ်ခေတ်ဖြစ်ခဲ့သည်။ ကျွန်တော်တို့နိုင်ငံ ကျွန်ဘဝမှ လွတ်မြောက်အောင် အဲ့သည်ခေတ်အခါက အသက်အရွယ် ၃၀ တန်းလူငယ်တွေက ဦးဆောင်ခဲ့ကြသည်။ အဲ့သည်ခေတ်က လူငယ်များကျေးဇူးဖြင့် ကျွန်တော်တို့နိုင်ငံ လူတန်းစေ့ သူတန်းဝင်ဘဝသို့ ရောက်လာနိုင်ခဲ့သည်။

ခုပြန်တွေးတော့ ရင်နင့်စရာ ကောင်းလှ၏ ဟုသာ ပြောရပေတော့မည်။ မျိုးဆက် ဆိုသည်မှာ တစ်ဆက်ထက်တစ်ဆက် တိုးတက်လာပါမှ အနာဂတ်ခရီး ဖြောင့်ဖြူးလှပ သာယာ နိုင်မည်ဆိုသည့်စကားက ကျွန်တော်တို့နိုင်ငံအတွက်တော့ဖြင့် အဟောသိကံဖြစ်ခဲ့ပြီ။

ကျွန်တော်တို့နိုင်ငံ၏ မျိုးဆက်တွေကဖြင့် အတတ်ပညာ၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ စာရိတ္တအားလုံးသည် ယခုလက်ရှိ လူငယ်မျိုးဆက်တိုင် တစ်ဆက်ထက်တစ်ဆက် နိမ့်ဆင်း၍ သာ မြေလျှိုးလာခဲ့ကြပြီထင်၏ ။

ဗိုလ်ချုပ်အောင်ဆန်းတို့ လူငယ်ခေတ်တုန်းက တိုင်းပြည်အတွက် ငါ ဘာလုပ်ပေးနိုင် မလဲဟု သူ့ထက်ငါ အပြိုင်စဉ်းစားခဲ့ကြသည်။ ခုတော့ဖြင့် တိုင်းပြည်က ငါ့ကို ဘာလုပ်ပေးမှာလဲ သို့မဟုတ် ဘယ်သူက ငါ့ကို ဘာလုပ်ပေးမှာလဲဟုသာ ကိုယ်ကျိုးရှေ့တင် မျှော်ကိုးလာကြသည့် ခေတ်သို့ ရောက်ခဲ့သည်။

စကားလုံးက ရင့်သီးနိုင်သော်လည်း တည့်တည့်ဖြစ်သည့် စကားလုံးဖြင့် ပြောရလျှင် ငါကျိုးကြည့်၊ ကိုယ်ကျိုးရှာ၊ အချောင်သမား၊ သာရာစား၊ ဘနဖူးသိုက်တူးလည်း ဘယ်သူသေသေ ငတေမာဖို့ အဓိက ငါသာလျှင်တရားသည်ဆိုသော ကြမ်းပိုးသူခိုးစိတ် လွှမ်းမိုးမှုတွေ များလာ သည်ဟု ဆိုချင်သည်။

အားလုံးကို သိမ်းရုံးပြီး ဝါးလုံးရှည်ဖြင့် ရမ်းသည်မဟုတ်သော်လည်း

အဲ့သည်လို ကိုယ်ကျိုးရှေ့တင် လူငယ်တွေကသာ များရာစု ဖြစ်လာသည်ဆိုခြင်းမှာ ငြင်းဖွယ်မရှိလှပဟု ထင်သည်။

ဤသို့ ပြောနေခြင်းမှာ လူငယ်များကို အခြောက်တိုက် စော်ကားနေခြင်း မဟုတ်။ တိုင်းပြည်တစ်ပြည်၏ ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက် စနစ်အဆက်ဆက်များသည် တိုင်းပြည်၏ အညွန့်အညှောက်များကို မည်သို့မည်ပုံ တိုးတက်စေ ဆုတ်ယုတ်စေ အစွန်းနှစ်ဖက် အကျိုးတရားများကို ဖန်တီးဖြစ်ပေါ်စေခဲ့ကြောင်း ပကတိအဖြစ်များကိုသာ အမြင်အတိုင်း ပြောလိုခြင်းဖြစ်၏ ။

လူငယ်၏ ပကတိ ပင်ကိုမွေးရာပါစိတ်သည် အလွန်မတန် ဖြူစင်သန့်စင်သော နို့ဦးရည် ကဲ့သို့ အပြစ်ကင်းစင်ကြောင်း ငြင်းဖွယ်မရှိဟု ထင်သည်။ သို့သော် မွေးရာပါဗီဇစိတ်ထက် ပတ်ဝန်းကျင်၏ ပြဋ္ဌာန်းမှုက ပိုမိုအားကောင်းလာသည့်အခါ မည်မျှသန့်စင်သော နို့ဦးရည်စိတ်ဓာတ် ကြည်ကြည်လေးပင်ဖြစ်လင့်ကစား မှဲ့စွန်းအနာအဆာ ပါရတော့သည်။ ကာလနှစ်ရှည် ကြာမြင့် လာသည်နှင့်အမျှလည်း မှဲ့စွန်းအနာမှသည် တစ်စုံလုံးပုပ်သည့်ဘဝသို့ မရောက်ချင်လည်း ရောက်ကြရတော့မည်သာ ဖြစ်၏ ။

သို့သော် ရှားတောင့်ရှားပါး အလွန်ကိုယ်ခံအားကောင်းသည့် လူငယ် သို့မဟုတ် ရှားတောင့် ရှားပါး ကောင်းမွန်တိုးတက်သော အမြင်ရှိသည့် ပတ်ဝန်းကျင်နှင့် ပက်ပင်းတိုးသဖြင့် လူလွန်မ သားတွေ ဖြစ်လာကြသည့် လူငယ်များလည်း မရှိတော့မဟုတ် ရှိသည်။ သို့သော် အလွန်ရှားသည် ဟုတော့ ဆိုရမည်ဖြစ်၏ ။ သည်လိုလူငယ်မျိုးတွေကျတော့လည်း သည်ခေတ်ထဲတွင် စံပြုရမည့် လူငယ်တွေပင် ဖြစ်တော့၏ ။

ကျွန်တော်က လူငယ်တွေကို ချစ်သည်။ ထိုချစ်စိတ်ဖြင့်ပင် သူတို့ကို စိတ်ဝင်စားသည်။ သူတို့နှင့် ထဲထဲဝင်ဝင် လက်ပွန်းတတီးပေါင်းဖြစ်သည်။ သူတို့အတွက် တတ်စွမ်းသမျှ ကူညီနိုင်ဖို့ ကျွန်တော်က အသင့်အနေအထားဖြင့်

ရှိနေတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော်က လူငယ်တွေကြားထဲ အိုကြီးအိုမနှင့် ရောက်ရောက်နေတတ်သည်။

ထို့ကြောင့်လည်း နိုင်ငံရေးပရိဝုဏ်ထဲမှ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ဒီကောင့် လက်ထွက်လူငယ်တွေက လူတော်တွေချည်းများတယ်ဟု မှတ်ချက်ပေးဖူး၏ ။ ကျွန်တော်က သူ့စကားကို ချက်ချင်းဆိုသလို ငြင်းချက်ထုတ်မိသည်။

"မဟုတ်ဘူးဗျ . . . ကျုပ်လက်ထွက်တွေက တော်တာမဟုတ်ဘူး . . . ကျုပ်က လူတော် တွေကို ရွေးပေါင်းတာဗျ . . . "

ဟု ဖြစ်၏ ။

ဒါအမှန်ပဲ ဖြစ်သည်။ တချို့လူငယ်တွေက သူတို့ထက် အသက်နှစ်ပြန်ကျော်လောက် ပိုကြီးသည့် ကိုယ့်ထက် အပြန်တစ်ရာမက တော်နေကြတာ တွေ့ရသည်။ ကိုယ်မလုပ်နိုင်တာ သူတို့လုပ်နိုင်ကြသည်။ ကိုယ်တွေးနိုင်စွမ်းမရှိတာ သူတို့ တွေးနိုင်ကြသည်။ ကိုယ်စောင့်ထိန်းနိုင်ပါ့မလား တွေဝေရသည့် လူမှုစည်းကမ်းတွေကို အပန်းမကြီးဘဲနှင့် သူတို့ထိန်းသိမ်းနိုင်ကြသည်။ ကိုယ်မဖြတ်ကျော်နိုင်လောက်သဖြင့် ငိုင်ကြည့်နေရသော အဆီးအတားတွေကို သူတို့ ဖြတ်ကျော်ခဲ့ကြသည်။ လက်ကျန်အဆီးအတားတွေကိုလည်း ဖြတ်ကျော်နိုင်ဖို့ လုံ့လဥဿဟဖြင့် စီမံအားထုတ်နေကြဆဲရှိသည်။ သည်လူငယ်တွေကို တွေ့ရမြင်ရသည့်အခါ နဝရတ်ကျောက်မျက်တွေကို အဖြုန်းတောထဲမှာ တွေ့လိုက်ရသလို ကျွန်တော်က ကြိုဆို၊ ဦးညွှတ်၊ ထွေးပိုက်မိရသည်။ သူတို့အတွက် ငါ ဘယ်ရွေ့ဘယ်မျှ အလုပ်အကျွေး အထောက်အပင့် ပေးနိုင်မည်လဲဟု ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်မိတော့သည်သာ ဖြစ်သည်။ ထို့ကြောင့် သူတို့နှင့် ကျွန်တော် တစ်သားတည်းလို ဖြစ်တော့၏ ။

ဒါကို ကျွန်တော့်မိတ်ဆွေက ကျွန်တော့်လက်ထွက်တွေဟု ကင်ပွန်းတပ်သည်။

ကျွန်တော်က မဟုတ်ပါကြောင်း ရုတ်ချခြည်းငြင်းရ၏ ။ သူတို့ဘာသာ သူတို့ မွေးရာပါဗီဇ အရရော ပတ်ဝန်းကျင်ကောင်း၏ ကူညီထောက်ပင့်မှုအရပါ သည့်ခေတ်ထဲမှ ရှားတောင့်ရှားပါး လူလွန်မသားသမီးတွေ ဖြစ်ခဲ့ရခြင်းအပေါ် ကျွန်တော်က ခေါင်းပုံမဖြတ်ချင်။ အညွန့်ခူးပြီး ငါကွ မလုပ်ချင်။ တကယ်တော့ လုပ်ချင်လည်း လုပ်ခွင့်မရှိသင့်ကြောင်း ကိုယ့်ဘာသာ သဘောပေါက် အောင် အားထုတ်ရ၏ ။

ဖြတ်ခဲ့သည့်သမိုင်းကို ပြန်ကြည့်တော့ အဲ့သည်လို လုပ်စားလာခဲ့ကြသည်က ခေတ်အဆက်ဆက်မှာ ဖြစ်သည်။

ဆိုရှယ်လစ်အရေခြုံ စစ်တပ်မဆလ ခေတ်ကောင်းစဉ်ကလည်း ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ် စသည်ဖြင့် နောက်တစ်ကြိမ် တစ်ကြော့ပြန် စစ်အစိုးရ နဝတ၊ နအဖကျပြန်တော့လည်း ပြည်ထောင်စုကြံ့ခိုင်ရေး လူမှုအဖွဲ့အစည်းတဲ့။ ထိုအားလုံးသည် မူတွေ၊ ဝါဒတွေ၊ ရည်ရွယ်ချက်တွေနှင့် ဘယ်လိုပင် တိုင်းပြည်အတွက်ပါဟု ပါးစပ်လှည်းပန်းတောင်းလိုက်အောင် ဝါဒဖြန့်ဖြန့် အကျိုးစီးပွားမက်လုံးပေါ်၌ သာ အခြေခံသည်ချည်းဖြစ်ကြောင်း လူတိုင်း မြင်ကြသိကြပါ သည်ဟုဆိုလျှင် အဂတိဒေါသသင့်ဖွယ် မရှိဟု ထင်သည်။

အဘယ့်ကြောင့်ဆိုသော် ခေါင်က မိုးမလုံသောကြောင့် ဖြစ်လေ၏ ။ ခေါင်ကမှ မိုးမလုံတော့ ပြီဆိုလျှင် မီးဖိုချောင် ခွေးတက်စားသည်က အတိသရဝုတ္တိ အလွန်အမင်းစကားဖြင့် လှတောသား ဆန်သည် မဟုတ်တော့။ ရှေ့ဆောင်နွားလားကမှ ပဲခင်းထဲ ဝင်မွှေပြီဆိုသည့်နောက် နောက်နွားတစ်သုတ် နှာခေါင်းကြိုးပါ ပြုတ်ကြတာ မဆန်းတော့။ အဲ့သည်လို ခေတ်ဆိုးခေတ်ပျက် ကြီးနှစ်ခုကို ရာစုနှစ်ဝက်မျှကြာအောင် ဖြတ်ခဲ့ရသည့် ကျွန်တော်တို့နိုင်ငံ၏ လူငယ်မျိုးဆက် နှစ်ဆက်ကျော်မှာ အပေါ်ကြီးထိုး အောက်ခွေးဆွဲဖြင့် အရာရာ

လုံးပါးပါးလာခဲ့ကြခြင်း ဖြစ်လေသည်။

ဒါကို ကျွန်တော်ချစ်သော ကဗျာဆရာက "မျိုးဆက်နှစ်ဆက်လောက် ထိုးကျွေးတာ တောင်မှ ခေတ်ကြီးက အာသာမပြေသေး" ဟု ဖွဲ့ခဲ့၏ ။ သည်စာသားက ထိလွန်းသဖြင့် တွေးမိတိုင်း ရင်ထဲမှာ တစိမ့်စိမ့် အကြိမ်ကြိမ်နာသည်။

"လူတော်လူကောင်း" ဆိုသည့် မြန်မာ့လက်သုံးရှေးစကားကို ပြောင်းပြန်ပြင်ပြီး "လူကောင်းလူတော်" ဟု ငါ့အတွက်ကောင်းတဲ့သူတွေကိုသာ လူတော်ဟု သတ်မှတ်ခဲ့သည့် ခေတ်က ယခုတိုင် မကုန်နိုင်သေးဘူးပဲ ထင်သည်။

သို့နှင့်ပင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ကြသူတွေကလည်း ပဲခင်းထဲခိုးဝင်သည့် နည်းနာ တွေ၊ ဘုရင်ကိုသတ်ကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခွင့်ရခဲ့သော တောင်သူကြီး ကျင့်ထုံးတွေ မှန်သမျှ တစ်ဆုပ်တစ်ခဲ မျှစားမျှဝေ ကြဲချခဲ့ကြ။ ပညာရေးစနစ်ကလည်း တွေးခေါ်မြော်မြင် ပိုင်းခြားဝေဖန်စေတတ်သော ပညာဉာဏ်တံခါးကို ပိတ်လျက် ဒါသင်၊ ဒါကျက်၊ ဒါမှတ်၊ ဒါဖြေ ပုံသေနည်းအောက်တွင် လူငယ်တွေအားလုံးကို ပုံစံသွင်း ခေါက်ရိုးချိုးပစ်လျက် အာဏာရှင် ယန္တရားလည်ပတ်ရုံ ခွေးသွားစိတ်လူသားများအဖြစ် စနစ်တကျ မွေးထုတ်လိုက်သည့်အခါ တိုင်းပြည်၏ အညွန့်အခက်တို့မှာ ကမ်းကုန်အောင် မျိုးတုံးကုန်ကြတော့သည်။

သည်နေ့ထိလည်း အဲ့သည်အာဏာရှင်၏ ဓလေ့ထုံးတမ်း အကျင့်စရိုက်က ပင်ကိုဟန် မပျက် တည်နေဆဲဖြစ်၏ ။ အာဏာရှင် သက်ဆိုးရှည်အောင် လူငယ်တွေကို ခြေနင်းတုံးလုပ် အသုံးချခဲ့သည့်ပုံစံက နဂိုအတိုင်း အားကောင်းမောင်းသန်ရှိနေဆဲ ဖြစ်သည်။

ငါကျိုးကြည့်ဝါဒ အခြေခိုင်နေသည့်တိုင်းပြည်၏ အပေါ်ထပ်အဆောက်အအုံကြီးတစ်ခုလုံး နှင့် ပညာရေးစနစ်ကို အောက်ခြေမှစ၍

စနစ်တကျ ပြင်ဆင်ခြင်းမရှိလျှင် တိုင်းပြည်၏ အနာဂတ် ရတနာများဟု အမွှန်းတင်ကာ ပါးစပ်ပြောပြောနေကြသည့် လူငယ်များ၏ တိုးတက်ရေးဆိုသည်မှာ အိပ်မက်ယောင်၍ ပြောနေသော ပုံပြင်တစ်ပုဒ်ထက်ပင် ယုံတမ်းစကား ဆန်နေပေဦးမည် ဖြစ်သည်။

ယခုအခါ နိုင်ငံရေးပါတီများကလည်း လူငယ်ဦးစားပေးစကားတွေ တွင်တွင်ပြောသံ ကြားလာရသည်။ ၂၀၁၅ တွင် ကျင်းပမည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲက ရောက်လာတော့ဖို့ တစ်နှစ်မရှိတရှိ ဆိုသည့်အခါ ထိုအသံက ပိုကျယ်လာသည်။ သည့်အတွက်တော့ဖြင့် ကြိုဆိုဝမ်းမြောက် ဖြစ်မိရ၏ ။

သို့သော် လွှတ်တော်အသီးသီးထဲသို့ဝင်သွားကြမည့် လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ထိုက်တန်သည့်အရည်အချင်းနှင့် ပြည့်ဝအောင် မည်သို့သော အစီအမံ အခင်းအကျင်းတွေ ပြင်ဆင်ပြီးကြပြီလဲ ဆိုသည့်အခါ ရေးရေးမျှ မမြင်နိုင်သေးသလို ဖြစ်သည်။

ကမ္ဘာပေါ်တွင်ရှိသည့် ဒီမိုကရေစီနိုင်ငံများတွင်တော့ လွှတ်တော်ကိုယ်စားလှယ်များကို မွေးမြူပျိုးထောင်ရာ အမတ်ပျိုးခင်းတွေရှိကြသည်ဟု မှတ်သားဖူးသည်။

ကျွန်တော်တို့ရော ဘယ်လို စဉ်းစားကြမည်လဲ . . .။ ပထမအကြိမ် လွှတ်တော်အသီးသီး တွေထဲတွင်တော့ ရွှေနှုတ်တော်ပွင့်မလာနိုင်လောက်အောင် အရည်အချင်း နည်းလွန်းသည့် လွှတ်တော်ကိုယ်စားလှယ်တွေက လေးရာကျော် ငါးရာ ပါသည်တဲ့။

သည်တော့ အဖက်ဖက်တွင် နှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့သည့် ကျွန်တော်တို့ တိုင်းပြည် ပြန်လည်ထူထောင်တည်ဆောက်ရေးတွင် အခရာကျသည့် ရေမြှောပေါက်ခါစ ဒီမိုကရေစီ လွှတ်တော်အသီးသီးထဲသို့ ကျွန်တော်တို့၏

ဘယ်လိုမျိုးဆက်သစ်လူငယ်တွေကို အရောက် ပို့ဆောင်ကြမည်လဲ။

အမတ် မည်ကာမတ္တ၊ လူငယ် မည်ကာမတ္တမျှနှင့်တော့ဖြင့်လည်း ခရီးက ပေါက်နိုင်အံ့ မထင်။

ခရီးပေါက်နိုင်ဖို့ အားကောင်းမောင်းသန် ပြည့်သားကောင်း လူငယ်တွေကို အမှန်တကယ် ကြိုဆိုလိုပါလျှင် လူငယ်တွေဆိုတာသည် တိုင်းပြည်၏ အဖိုးမဖြတ်နိုင်သော အနာဂတ်ရတနာတွေ ဖြစ်ပါသည်။ လူငယ်တွေကို ဦးစားပေးပါမည် ဦးစားပေးပါသည်ဟု ခေတ်အဆက်ဆက်ကနှယ် စားကောင်းသောက်ကောင်း လူကြားကောင်းရုံ ကမ္ဘာကြားအောင် ဟစ်တိုင်မှာ လော်စပီကာ ဆင်နေရုံမျှနှင့်တော့လည်း နဝရတ်ကျောက်ပွင့်ကောင်းတွေကို ရနိုင်လိမ့်မထင်။

စေတနာပါသော ပြင်ဆင်မှုတွေကို အချိန်ယူပြင်ဆင်ကြဖို့ လိုပါသည်။

ရာစုဝက်ကျော် ဗုန်းဗုန်းကျ ပြိုလဲပျက်စီးလာခဲ့သည့် မျိုးဆက်နှစ်ဆက်စာ အဖက်ဖက် အဖတ်ဆည်မရမှုများကို ကျွန်တော်တို့အားလုံး စေတနာမှန်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်နိုင်ကြပါမှ ကျွန်တော်တို့လွန်ပြီးသည့် နောက်မျိုးဆက်တစ်ခုကျော်လောက်တွင်မှ ထိုက်ထိုက်တန်တန် မျိုးဆက်တစ်ခုကို မွေးဖွားသန့်စင်နိုင်လိမ့်မည်ဟု မျှော်လင့်ချက်ကြီးမိနေကြောင်းပါ။

သင်းရီ

# တန်ဖိုးရှိလူ
## တင့်ခိုင်

တာဝန်ရှိသော်လည်း တာဝန်မသိသော လူကြီးများရှိနေချိန်တွင် တာဝန်မရှိသော်လည်း တာဝန်သိသော လူငယ်များ ရှိနေကြသည်။ ထိုလူငယ်များသည် ကျွန်တော်တို့၏ အနာဂတ်ကို လှပသာယာအောင် ထုဆစ်ကြမည့် ဗိသုကာလေးများ ဖြစ်သည်။

ဆရာကြည်မင်း ပြောဖူးသလို လက်ဖက်သုပ်ပန်းကန်ထဲမှ ပုစွန်ခြောက်ချည်း ရွေးစားသွား သော အပြုအမူသည် ဥပဒေအရ အရေးယူ၍ မရသော်လည်း ပြုမူဆောင်ရွက်သူ၏ အတွင်းစိတ်ကို ဖော်ပြရာရောက်သည်။ တစ်နည်းဆိုရသော် ထိုသူသည် ဟိုမှာဘက်အခြမ်းသို့ လှမ်းကြည့်နိုင်သော စိတ်အင်အားမရှိ။ သာမန်အားဖြင့်ပြောရလျှင် အတ္တကြီးသူ ဖြစ်သည်။

ယနေ့ခေတ်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောခဲ့သော 'သူမသာ ကိုယ်မနာ' ခေတ် ဖြစ်သည်။ အင်အားဖြင့် အနိုင်ယူ၍ ရသောခေတ် မဟုတ်။ ထို့အပြင် လူတိုင်းလူတိုင်းသည် မတူကွဲပြားမှုကို လက်ခံထားနိုင်ရမည်။ အဘယ်ကြောင့်နည်း။ မတူကွဲပြားမှုသည် ကမ္ဘာပေါ်တွင် အမှန်တကယ် တည်ရှိနေ၍ ဖြစ်သည်။ အသားအရောင်မတူ၊ ဘာသာမတူ၊ လူမျိုးမတူ၊ အယူအဆ မတူ၊ ယုံကြည်ချက်မတူကြပါ။ သို့ပါလျက်နှင့် ထိုသူများသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်စုထဲတွင် ရှိနေကြပါ၏ ။ 'ငါနှင့်မတူ ငါ့ရန်သူ' ဟု သတ်မှတ်ပြဋ္ဌာန်းသူများသည် ကိုယ်ရည်ကိုယ်သွေး အလွန်နိမ့်ပါးသူများ ဖြစ်ကြသည်။ ယနေ့လူငယ်များ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာရေးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်သည်။

ဟုတ်ပါပြီ။ လူငယ်များသည် မိမိတာဝန်ကို မိမိသိနေကြပြီ။ တာဝန်သိရုံမျှနှင့် မလုံလောက် သေး။ တာဝန်ယူရဲသော သတ္တိလည်း ရှိရန်လိုသည်။ ဤတွင် ဆရာအောင်သင်း ပြောခဲ့ဖူးသော စကားလေးကို သတိရမိသည်။

'သတ္တိကောင်းရမယ်။ ဘယ်လိုသတ္တိလဲ။ စိန်ခေါ်ရဲတဲ့သတ္တိ။ ဦးနှောက်ကို ခါးတောင်းကျိုက်တာနော်။ လူကို ခါးတောင်းကျိုက်တာ မဟုတ်ဘူး။ လူကို ခါးတောင်းကျိုက်တဲ့လူကတော့ ကူလီပဲဖြစ်မှာပေ့ါ။ ဦးနှောက်ခါးတောင်းကျိုက်မှ ခေါင်းဆောင်ဖြစ်မှာ'

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး စာမျက်နှာများတွင် သိသာထင်ရှား မယ့်သူများမှာ တာဝန်သိသော လူငယ်များပင် ဖြစ်သည်။ လူငယ်များသည် အတ္တကိုလွှတ်ချလိုက် ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်စားခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သည်။ သူတို့သည် တန်ဖိုးရှိလူများ ဖြစ်ကြသည်။ လွတ်လပ်ပြီး နှစ် ၆၇ ကျော်တွင် မြန်မာနိုင်ငံ သည် ဆင်းရဲသောနိုင်ငံတစ်နိုင်ငံဘဝမှ လှမ်းမတက်နိုင်သေးပါ။ အဘယ်ကြောင့် တိုင်းသူပြည်သား လူအများ ဆင်းရဲနေပါသနည်း။ ပညာမဲ့ပြီး အကျင့်ပျက်၍ ဖြစ်သည်။ ထိုအခါ ယနေ့လူငယ်များ သည် ပညာနှင့် သီလပြည့်ဝရန် လိုလာသည်။ လူသားတစ်ဦးအတွက် အလိုအပ်ဆုံးဖြစ်သော ထိုအရာနှစ်ခု ပြည့်စုံလာစေရန် အရေးတကြီး ပြုလုပ်မည်မှာ စာသင်ကျောင်းနှင့် ပညာရေးစနစ်ပင် ဖြစ်သည်။ လွတ်လပ်စွာ သင်ကြားခွင့်မရသော ကျောင်းသားများသည် 'ပညာ' ရမည်မဟုတ်။

(၂)

KG မှ ဘွဲ့ရသည်အထိဆိုပါလျှင် ကလေးတစ်ယောက်သည် စာသင်ခန်းထဲတွင် ၁၅ နှစ် ကြာသည်။ စာသင်ခန်းသည် ကျောင်းသားများ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုကို အဓိကပြုလုပ် ရမည့် နေရာဖြစ်သည်။ သူတစ်ပါးကို ခွဲဝေပေးတတ်လာမှု၊ သူမသာ ကိုယ်မနာ လုပ်ဆောင်တတ်မှု၊ မတူညီမှုကို လက်ခံနိုင်မှု၊ ဟိုမှာဘက်အခြမ်းကို လှမ်းကြည့်ပြီး၊ ဟိုဘက်အခြမ်းအတွက် စဉ်းစားနိုင် သော စိတ်အရည်အချင်းရှိမှု စသည်တို့သည် လူငယ်တစ်ဦး၏ အနာဂတ်တွင် မလွဲမသွေ လိုအပ်နေသော အရည်အချင်းဖြစ်သည်။

ထိုအခါ 'ပညာရေးစနစ်' သည် မူလတန်းမှစ၍ လူသားတစ်ဦးတွင်

အထက်ပါအရည်အချင်း များ ရှိလာစေရန် ခွင့်ပြုရုံမျှမက
အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းထားသော ပညာရေးစနစ် ဖြစ်ရန်
လိုလာသည်။ ပညာရေးစနစ် မကောင်းသရွေ့ ကျွန်တော်တို့လိုချင်သော ပညာပြည့်ဝ
နှလုံးလှသော လူငယ်များ ပေါ်ထွန်းလာမည် မဟုတ်ပါ။ နိုင်ငံရေးစနစ်
မကောင်းလျှင် ပညာရေး စနစ်လည်း ကောင်းလာမည်မဟုတ်။

မည်သို့ပင်ဆိုစေ လက်ရှိအခြေအနေမှန်ကမူ ပညာရေးစနစ်သည်
နှစ်ပေါင်း ၅၀ အတွင်းခန့် ရေစုန်မျောနေခဲ့ပြီးပြီ။ ထိုနှစ် ၅၀ အတွင်း
ဘွဲ့ရလာသူများအဖို့ အမှန်တကယ် တိုင်းပြည်၏ လိုအပ်ချက်များကို
ဖြည့်ဆည်းပေးနိုင်ပါ၏ လော။ အာဏာကို ထိပါးမည်စိုးသဖြင့် ပညာရေးကို
ချုပ်ကိုင်ထားခဲ့သမျှတို့သည် ယခုအခါ ဖြေလျှော့ပေးရန် လိုနေပြီဖြစ်၏ ။

ဤဆောင်းပါးတွင် ကျွန်တော်ဆိုလိုသော ပညာဟူသည်
ဉာဏ်အမြော်အမြင်ရှိခြင်း (wisdom) ကို ဆိုလိုခြင်းဖြစ်သည်။ လူငယ်များသည်
စာသင်ခန်းမှ ထွက်လာပြီးမှ အမှန်အမှား၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားနိုင်သော
ဉာဏ်အမြော်အမြင် မရှိခဲ့ဘူးဟုဆိုပါလျှင် သူသင်ကြားလာသောအရာသည် 'ပညာ'
မဟုတ်။ ပညာတတ်နှင့် ပညာမဲ့ကို ဉာဏ်အမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့်
ခွဲခြားနိုင်ပါ၏ ။ ပညာတတ်ချင် တတ်မည်။ ဘွဲ့တွေ တသီတတန်းရချင်လျှင်လည်း
ရမည်။ သို့ရာတွင် အကျင့်စရိုက် မကောင်းလျှင်၊ ချင့်ချိန်စဉ်းစားမှုမရှိလျှင်
ထိုသူသည် လူထုကို အကျိုးပြုနိုင်လိမ့်မည်မဟုတ်။ ယနေ့ လူငယ်များကို ထိုကဲ့သို့
လူအမျိုးအစားမဖြစ်ရန် တားဆီးနိုင်ရမည်။

ကျွန်တော့်သဘောပြောရလျှင် စာတတ်ရုံမျှနှင့် လူရာဝင်နိုင်မည်မဟုတ်။
အကျင့်သီလ လည်း ကောင်းမှသာ အသုံးကျ အရာရောက်မည်ဖြစ်သည်။
ခေါင်းဆောင်ဟူသည် မိမိ၏ ကိုယ်ပိုင် ဘဝကို စွန့်လွှတ်နိုင်သူဖြစ်သည်။
တခြားကိုမကြည့်ပါနှင့်။ ဗိုလ်ချုပ်အောင်ဆန်းကိုကြည့်လျှင် သိပါ၏ ။
ဝတ်စုံသုံးစုံဖြင့် နေနိုင်သည်။ မြန်မာနိုင်ငံရှိ ခေါင်းဆောင်များသည် ဗိုလ်ချုပ်ကို

စံနမူနာ ယူသင့်သည်။ ထို့အတူ လူငယ်တိုင်းသည်လည်း ဗိုလ်ချုပ်ကို စံနမူနာယူသင့်ပါ၏ ။

(၃)

ဘဝရည်မှန်းချက်ကို မြင့်မြင့်မားမား တည်ဆောက်လိုသော လူငယ်များအဖို့ မိမိကိုယ်ကိုယ် မိမိ ညှာနေ၍ မရ၊ ကိုယ့်ကိုယ်ကို ခိုင်းရမည်။ သူများခိုင်းသမျှ လုပ်နေသူများသည် နောက်လိုက်ပင် ဖြစ်နေမည်။ ဘယ်သောအခါမှ ခေါင်းဆောင်ဖြစ်လာမည် မဟုတ်ပါ။ အနာဂတ်သည် ယနေ့လူငယ် များကို သူ့ရင်ခွင်ထဲသို့ခေါ်ယူရန် အဆင်သင့် စောင့်မျှော်နေပါ၏ ။ ထိုအခါ ယနေ့လူငယ်တိုင်းသည် အနာဂတ်ကို ထုဆစ်သူများဖြစ်သဖြင့် အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ဘဝကို နက်နက်တူးရမည်။ အခြေခံခိုင်မာမှ ဘဝလှလာမည် ဖြစ်သည်။ ရလဒ်ထက် လုပ်ရပ်ကို တန်ဖိုးထားနားလည်သူများ ဖြစ်လာရန် လိုပါသည်။

တန်ဖိုးရှိသောလူတစ်ယောက် ဖြစ်လာရေးသည် ထင်သလောက် မလွယ်ကူပါ။ လူငယ် များကို တန်ဖိုးရှိသောလူသား ဖြစ်စေချင်သည်။ တန်ဖိုးမရှိလျှင် 'အမှိုက်' ဖြစ်သွားမည်။ ပစ္စည်း တစ်ခုသည် အသုံးဝင်သောအချိန်၌ တန်ဖိုးရှိနေသော်လည်း အသုံးမဝင်သောအခါ အမှိုက်ဖြစ်သွား ပါ၏ ။ ထိုအခါ အမှိုက်ပုံသို့ အလိုလို ရောက်ရှိသွား၏ ။

ဤလောကတွင် အပယ်ခံလူများရှိ၏ ။ ထိုအပယ်ခံလူများကို မေတ္တာတရားကြီးများစွာနှင့် မာသာထရီဇာသည် အသိအမှတ်ပြု စောင့်ရှောက်ခဲ့သည်။ သူ့တွင် လူမျိုး၊ ဘာသာ၊ အသား အရောင် ခွဲခြားမှုမရှိ။ အဆိုပါ တံတိုင်းကြီးကို ကျော်ဖြတ်နိုင်သော စိတ်အင်အား ရှိသည်။ မာသာ ထရီဇာကို ဘုရင်ဂိုဏ်ဘာသာဝင် အားလုံး၏ အခေါင်အချုပ် ရဟန်းမင်းကြီးက ကျည်ခံကာ ဒီလက်ကားကြီးတစ်စီး လက်ဆောင်ပေးသည်။ ကရုဏာရှင်မကြီးသည် ထိုကားကို ရောင်းပြီး လူ့အသိုက်အဝန်းမှ စွန့်ပစ်ခံရသူ ကိုယ်ရေပြားရောဂါသည်များအတွက်

ဆေးရုံဆောက်သည်။

ကိုယ့်မှာရှိသောပစ္စည်း သူများအတွက် စွန့်လွှတ်ရဲသည်ဆိုသည်က တော်ရုံတန်ရုံလူများ လုပ်နိုင်ကြသည်မဟုတ်။ မေတ္တာတရားကြီးမားသူများသာ ပြုလုပ်နိုင်ကြပါသည်။ ထို့ကြောင့်လည်း မာသာထရီဇာ ကွယ်လွန်သည့်အခါ သူ့စျာပနတွင် နိုင်ငံခေါင်းဆောင်မှ ပြည့်တန်ဆာအထိ လာရောက်ကြသည်။ မေတ္တာရှင်မကြီး မာသာထရီဇာသည် 'လူ့အဖိုးတန်' လူသားတစ်ဦးဖြစ်၏ ။ သည်တာဝန်များကို သူ့အား ဘယ်သူကပေးပါသနည်း။ ဘယ်သူကမှ မပေးခဲ့ပါ။ တာဝန်သိစိတ်ပင် ဖြစ်၏ ။ မာသာထရီဇာ၏ စိတ်မျိုး ဘယ်နှယောက်လောက်များ ထားနိုင်ပါမည်နည်း။ ဘယ်သူတွေ ထားထား မထားထား လူငယ်တွေ ထားစေချင်သည်။ လူငယ်များကိုမူ လူ့အဖိုးတန်လေးများ ဖြစ်စေချင်ပါ၏ ။

အိုင်စတိုင်းပြောခဲ့သော စကားတစ်ခွန်းရှိသည်။

' အောင်မြင်သူတစ်ဦးဖြစ်ရန်ထက် တန်ဖိုးကြီးသူတစ်ဦးဖြစ်ရန် ကြိုးစားပါ' တဲ့။

လူငယ်တစ်ဦးအဖို့ တန်ဖိုးကြီးသည့်လူတစ်ဦး ဖြစ်လာရန် ကြိုးစားနိုင်ပါ၏ ။ တန်ဖိုး ဟူသည် ကိုယ်တိုင်ဖြည့်ယူမှ ရပါ၏ ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့လိုချင်နေသော မြန်မာနိုင်ငံတော်သစ်ကို ပုံစံချ တည်ဆောက်ရာတွင် လူငယ်များ အဖိုးတန်လူသားများ ဖြစ်လာရေးသည် အရေးတကြီး ပြုလုပ် ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

တင့်ခိုင်